# Best Free Stuff

59 ခု ရှိတဲ့ ဒီကောင်းမွန်လှတဲ့ tool တွေထဲမှာ အလုပ်တွေ ပိုပြီးမြောက်ဖို့ app တွေ၊ အကောင်းဆုံးရွေးချယ်ဝယ်ယူမှုတွေ ပြုလုပ်နိုင်ဖို့ app တွေ ၊ entertainment အတွက် app တွေ စသဖြင့် အများကြီး ပါဝင်ပါတယ်။ »


SAVE
SALE
Discount

**Internet ဆိုတာ လိုချင်စရာတွေ များလှတဲ့ ဟောလိဝုဒ်က ပါတီပွဲတစ်ခုနဲ့ တူပါတယ်။ ဆိုလိုတာကတော့ အခမဲ့ရနိုင်တာတွေ အများကြီးရှိပေမယ့် အားလုံးကတော့ အသုံးမတည့်ဘူးလို့ ပြောချင်တာပါ။ တချို့ဝန်ဆောင်မှုတွေဟာ ကောင်းမွန်လှပြီး ယခုအချိန်အထိ ငွေကြေးတစ်စုံတစ်ရာ ကောက်ခံခြင်း မရှိသေးပါဘူး။ ဒါကြောင့် Internet ပေါ်က အသုံးဝင်ပြီး အခမဲ့ရနိုင်တဲ့ app တွေကို စာဖတ်သူတွေအတွက် တင် လိုက်ပါတယ်။**



## နည်းပညာသုံးရတဲ့ စီးပွားရေးသမားတွေ

သုံးငွေပမာဏကို ကန့်သတ်ထားရတဲ့ နေ့စဉ် ရုံးချိန် ၉ နာရီ မှ ၅ နာရီအတွင်း အလုပ်တွေကို အဆင်ပြေပြေလုပ်နိုင်ဖို့လည်း လိုအပ်နေတဲ့နည်းပညာသုံးရတဲ့ စီးပွားရေးသမားတွေအတွက် **LogMeIn** က အသုံးဝင်ပါတယ်။ သူက ကိုယ့် computer ကို အဝေးတစ်နေရာမှနေပြီး remote Access လုပ်နိုင်တဲ့ app ဖြစ်ပါတယ်။ LogMeIn ကို iOS အတွက် အခမဲ့ထုတ်ပေးထားတာဖြစ်လို့ desktop၊ ဒါမှမဟုတ် Mac ပဲဖြစ်ဖြစ်ကို ကိုယ့် iPad၊ iPhone တို့မှတစ်ဆင့် အသုံးပြုနိုင်မှာဖြစ်ပါတယ်။ Screen ကို ကြည့်ရတာ ဝေဝါးနေပေမယ့် အခမဲ့ရနိုင်ပြီး အလွန်အသုံးဝင်တဲ့ app ဖြစ်ပါတယ်။

Internet ကို အမြဲသုံးနေတဲ့သူဆိုရင် **Ghostery** ကို အသုံးပြုနိုင်ပါတယ်။ သူက Chrome၊ Firefox၊ Internet Explorer၊ Opera နဲ့ Safari တို့အတွက် အသုံးပြုနိုင်ပါတယ်။ Browser add-on တစ်မျိုးဖြစ်တဲ့ ဒီ **Ghoster** က internet ကတစ်ဆင့် information track လုပ်တာတွေကို စစ်ဆေးပေးနိုင်ပါတယ်။ တကယ်လို့ site တစ်ခုခုက ကိုယ့်နောက်ကို track လိုက်နေတာလို့ သံသယရှိရင် pop-up alert နဲ့ သတိပေးမှာဖြစ်ပါတယ်။

ကိုယ့် hard drive ပျက်သွားလို့ ပြန်မရနိုင်တဲ့အချက်အလက်တွေ ရှိနေတယ်ဆိုရင် CrashPlan ဆိုတဲ့ backup utility ကို သုံးရင် သင့်ပါတယ်။ App ဟာ backup ကို အလိုအလျောက် လုပ်ပေးနိုင်စွမ်းရှိပါတယ်။ Free version မှာတော့ online backup မလုပ်ပေးနိုင်တဲ့သူက စနစ်မတူတဲ့ file တွေဖြစ်တဲ့ Linux၊ Mac OS စတာတွေကိုပါ backup လုပ်ပေးနိုင်ပါတယ်။

ကိုယ့်အတွက်အရေးကြီးတဲ့ ရုံးစာတစ်ခုရေးနေတုန်းမှာ email alert တွေ၊ status update တွေ အ မမြင်ချင်ရင် **OmmWriter Dana 1** ကို အသုံးပြုနိုင်ပါတယ်။ သူက download ရယူနိုင်တဲ့ word processor တစ်ခုဖြစ်ပြီး ကိုယ့် screen ကို လှပကြည်လင်တဲ့ background အရောင်တစ်ခုအဖြစ် ပြောင်းလဲလိုက်ပြီး အနှောင့်အယှက်ကင်းကင်းနဲ့ စာရေးနိုင်စေဖို့ အကူအညီပေးမှာဖြစ်ပါတယ်။

ကိုယ့်အတွက် word မှာ စာစီစာရိုက်လုပ်ဖို့ရှိနေတုန်း ခရီးသွားလာနေချိန်နဲ့ တိုက်ဆိုင်ခဲ့ရင် **CloudOn** ကို အသုံးပြုနိုင်ပါတယ်။ ဒါက iPad app ဖြစ်ပြီး Microsoft Office အတိုင်း အပြည့်အဝအသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ဒါပေမဲ့ လိုအပ်ချက်တစ်ခုအနေနဲ့ DropBox account ရှိထားပြီးသားဖြစ်ရမှာဖြစ်ပါတယ်။ အခုအချိန်မှာတော့ အဲဒီဝန်ဆောင်မှုဟာ အခမဲ့ဖြစ်ပေမယ့် နောင်တစ်ချိန်မှာတော့ advanced feature တွေအတွက် အခကြေးငွေ ပေးရမှာဖြစ်ပါတယ်။

Online meeting မှာ Presentation သုံးဖို့လိုရင် **AnyMeeting** ဆိုတာကို အသုံးပြုနိုင်ပါတယ်။ သူ့ကို webminar လို့ ခေါ်တဲ့ web အပေါ်က seminar တွေကို အောင်မြင်စွာပြုလုပ်နိုင်ဖို့အတွက် အသုံးပြုတာဖြစ်ပါတယ်။ အခမဲ့ပေးထားတဲ့ tool တစ်ခုဖြစ်ပြီး အသုံးပြုမယ့်သူတစ်ဦးတည်းကပဲ register လုပ်ဖို့လိုအပ်ကာ လူ ၆ ဦးကနေ ၂၀၀ အထိ တစ်ပြိုင်နက်တည်း presentation ကို stream ပြုလုပ်နိုင်မှာဖြစ်ပါတယ်။

Presentation ကို တစ်ဦးချင်းစီပြုလုပ်ချင်ရင် Google Docs မှာ ပါဝင်ပြီးဖြစ်တဲ့ **Google Presentations app** ကို အသုံးပြုနိုင်ပါတယ်။ ဒီ app က sideshow တွေ ပြုလုပ်ရာမှာ အသုံးပြုနိုင်ပြီး ကိုယ်နဲ့အတူ အလုပ်တွဲလုပ်နေသူတွေနဲ့လည်း ပူးပေါင်းဆောင်ရွက်နိုင်ပါတယ်။ Google မှာ theme တွေ၊ personalize လုပ်နိုင်တဲ့ tool တွေ နည်းပါးပေမယ့် ကိုယ်ကြိုက်နှစ်သက်ရာ backgroud တွေနဲ့ slide တွေကို ကိုယ့်စိတ်ကြိုက်ဖန်တီးနိုင်ပါတယ်။

တကယ်လို့ ကိုယ်က အခြားသူတစ်ယောက်ပြုလုပ်နေတဲ့ presentation ကို နားထောင်နေတယ်ဆိုပါက **Tape-a-talk** ဆိုတဲ့ Android app ကို အသုံးပြုနိုင်ပါတယ်။ သူက ကိုယ့် mobile phone mic မှတစ်ဆင့် ပြောဆိုနေသမျှအားလုံးကို မှတ်တမ်းတင်ကူးယူပေးမှာဖြစ်ပါတယ်။

အလုပ်များတဲ့သူတစ်ယောက်အတွက် အလုပ်တစ်ခုပြီးတစ်ခု ဆက်တိုက်လုပ်ဖို့တွေ ရှိနေတယ်ရင် အဲဒီအလုပ်တွေကို မလစ်ဟင်းရအောင် မှတ်ထားနိုင်ဖို့အတွက် **Any.DO** ကို အသုံးပြုနိုင်ပါတယ်။ လက်ရှိအချိန်မှာတော့ Android အတွက်သာရှိသေးပေမယ့် နောင်မကြာခင်မှာ iOS တွေအတွက် ထွက်ရှိလာတော့မှာဖြစ်ပါတယ်။ ရိုးရှင်းတဲ့ To-Do List တစ်ခုဖြစ်လို့ ရှင်းလင်းပြီး သုံးစွဲရလွယ်ကူပါတယ်။ မှတ်သားထားတာတွေကိုလည်း reminder တွေ သတ်မှတ်ပြီး အချက်ပေးမှုတွေကို ပြုလုပ်နိုင်တဲ့အပြင် Any.DO ကို အသုံးပြုသူ မိတ်ဆွေတွေနဲ့လည်း လုပ်ဖို့ရှိတာတွေကို share လုပ်နိုင်ပါတယ်။

မိတ်ဆွေအသစ်တစ်ယောက်နဲ့ တွေ့တွေ့ချင်းပဲ




Scoutmob အမေရိကမှာရှိတဲ့ store တွေနဲ့ restaurant တွေရဲ့ item တွေကို 50% လောက်အပြင် သူထက် ပိုတဲ့ဈေးနှုန်းတွေနဲ့တင် ပေးထားတာတ်ပါ တယ်။

လိပ်စာမှတ်ဖို့ လိုအပ်လာပါက **Card-Munch** ကို အသုံးပြုပြီး မိမိ contact ထဲကို အမြန်သိမ်းနိုင်ပါတယ်။ လက်ရှိအချိန်အထိတော့ iPhone အတွက်သာ အသုံးပြုနိုင်ပါသေးတယ်။

စီးပွားရေးအတွက် အလုပ်များနေသူတစ်ဦးအတွက်တော့ email တွေ အဆက်မပြတ်ပို့နေ၊ ယူနေဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် Android ရဲ့ preloaded maill app တစ်ခုဖြစ်တဲ့ **K9 Mail** ကို အသုံးပြုနိုင်ပါတယ်။ သူက POP3 နဲ့ IMAP mail နှစ်ခုစလုံးကို ထောက်ပံ့ပေးနိုင်ပါတယ်။ K9 ကို အသုံးပြုနေစဉ် ကိုယ့်ရဲ့တစ်ခုထက်ပိုတဲ့ email account တွေနဲ့ ချိတ်ဆက်ကာ inbox တစ်ခုတည်းအနေနဲ့ဖြစ်စေ၊ မတူညီတဲ့ inbox တွေအနေနဲ့ဖြစ်စေ ခွဲပြီး အသုံးပြုနိုင်ပါတယ်။

Email ပို့တဲ့အခါမှာ ကြီးမားတဲ့ file size တွေ၊ (ဥပမာ– presentation လုပ်ထားတဲ့အသံ file လို file တွေကို ပို့ဖို့အတွက် **YouSentIt Lite** ကို အသုံးပြုနိုင်ပါတယ်။ ဒါက အခမဲ့ရတဲ့ version ဖြစ်ပြီး 50 MB အထိ ပေးပို့နိုင်တာကြောင့် Gmail က ပေးပို့နိုင်တဲ့အရွယ်ထက် ၂ ဆနီးပါး ရှိပါတယ်။ တကယ်လို့ ကိုယ်က email မပို့တော့ဘဲ စာ တိုက်ကနေတစ်ဆင့် ပို့ဖို့စီစဉ်ထားရင်လည်း **Parcel** (iOS အသုံးပြုသူတွေအတွက်) နဲ့ **Parcels**(Android အသုံးပြုသူတွေအတွက်) ကို အသုံးပြုပြီး ကိုယ်ပို့လိုက်တဲ့စာ၊ ဒါမှမဟုတ် ပါဆယ်က ဘယ်နေရာရောက်နေတယ်ဆိုတာအရ ဒါဇင်ပေါင်းများစွာရှိတဲ့ carrior တွေပေါ်ကနေ track လိုက်လုပ်နိုင်မှာဖြစ်ပါတယ်။

တစ်နေ့လုံး computer ကိုအသုံးပြုပြီး အလုပ်လုပ်နေရတာကြောင့် ကိုယ့်မျက်လုံးတွေ ပင်ပန်းနေရင် **F.lux** ကို အသုံးပြုသင့်ပါတယ်။ သူက Windows utility တစ်ခုဖြစ်ပြီး ကိုယ်အသုံးပြုနေတဲ့ monitor ရဲ့ အလင်းအမှောင်ကို တစ်နေ့တာရဲ့အချိန်အပိုင်းအခြားကို လိုက်ပြီး ချိန်ညှိပေးနေမှာ ဖြစ်ပါတယ်။ (*find.pcworld.com/72827*)

## ဈေးဝယ်သူများအတွက်




တချို့ကိစ္စတွေမှာ Online ကတစ်ဆင့် ဈေးဝယ်ဖို့ မဖြစ်နိုင်ပါဘူး။ ဈေးဝယ်ဖို့ ငွေမချေခင်မှာလည်း ပိုကောင်းတဲ့ ပစ္စည်းတွေ ရှိ မရှိ နှိုင်းယှဉ်ဖို့ ကိုယ့်အတွက် လိုအပ်ကောင်း လိုအပ်မှာဖြစ်ပါတယ်။ နည်းပညာဆိုင်ရာ ပစ္စည်းတွေကနေ ကလေးကစားစရာအထိ နှိုင်းယှဉ် ဝယ်ယူနိုင်ဖို့အတွက် **WootWatch**(iOS အသုံးပြုသူတွေအတွက်) နဲ့ **WootWatcher** (Android အသုံးပြုသူတွေအတွက်)ကို ရယူအသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ Woot ကတစ်ဆင့် တစ်နေ့တာအတွက် ဝယ်သင့်တဲ့ပစ္စည်းတွေ၊ discount ပေးနေတဲ့ပစ္စည်းတွေသတင်းကို ပို့ပေးနေမှာဖြစ်ပါတယ်။ ဒီလိုမှ မဟုတ်ဘူးဆိုရင်တော့ ကိုယ်တိုင်အပြင်ထွက်ပြီး ဝယ်ချင်ရင် **Scoutmob** ကို သုံးနိုင်ပါတယ်။ App ဟာ Groupon လိုမျိုးဖြစ်ပြီး ၅၀ ရာခိုင်နှုန်းအထက် လျှော့ချရောင်းနေတဲ့ ဈေးဆိုင်တွေ၊ ကုန်တိုက်တွေနဲ့ ကုန်ပစ္စည်းတွေသတင်းကို ပို့ပေးနေမှာ ဖြစ်တယ်။ ဒါတွေကိုအသုံးပြုပြီး ပစ္စည်းတစ်ခုတွေ့တဲ့အခါ ချက်ချင်းဝယ်သင့်၊ မဝယ်သင့် နှိုင်းယှဉ် ဆုံးဖြတ်နိုင် မှာဖြစ်တဲ့အပြင် ငွေကြေးတစ်စုံတစ်ရာ ကြိုတင်ပေးထားဖို့ မလိုအပ်ပါဘူး။

**Open Label** ဆိုတဲ့ mobile app ဟာ ကုန်ပစ္စည်းတစ်ခုရဲ့ bar code ကို ထည့်လိုက်ရင် အဲဒီပစ္စည်းကို



ဝယ်သင့်၊ မဝယ်သင့် ဆုံးဖြတ်နိုင်အောင် အကူအညီ သတင်းပေးမှာ ဖြစ်ပါတယ်။

ကိုယ်က နည်းပညာကို အသုံးပြုကာ ဈေးဝယ် တတ်ပြီး လုံခြုံရေးကိစ္စကို စိတ်ပူတတ်တယ်ဆိုရင် **Dashlane Personal Assistant** ကို အသုံးပြုနိုင်ပါတယ်။ Desktop app ဖြစ်ပြီး ကိုယ့် ကိုယ်ရေးအချက်အလက်တွေကို online မှာ ဈေးဝယ်ချိန်တစ်လျှောက်လုံးကနေ check out လုပ်တဲ့အထိ မှတ်ထားပေးနိုင်လို့ မလိုအပ်တဲ့ account အသစ် sign-up လုပ်ဖို့ မလိုတော့ဘဲ security အတွက် DIY ကိစ္စတွေ မလိုအပ်တော့ပါဘူး။

Anchor Free ကထုတ်လုပ်တဲ့ **Hotspot Shield** ဟာ HTTPS ကို အသုံးပြုပြီး ကိုယ့် IP address နဲ့ ကိုယ်ရေးအချက်အလက်တွေကို အခြားသူတွေမမြင်အောင် ကာကွယ်ပေးထားနိုင်ပါတယ်။
*(find.pcworld.com/72828)*

## ဆက်သွယ်ရေးအရေးကြီးသူများအတွက်

Social media တွေအပေါ်မှာ အချို့သော communication tool တွေ အသုံးပြုပြီး online ရှိနေနိုင်ပါတယ်။ Webapp တစ်ခုဖြစ်တဲ့ **HootSuite** တစ်ဆင့် Facebook၊ Google+ ၊ LinkedIn နဲ့ Twitter တို့ကို အသုံးပြုနိုင်ပါတယ်။ ကြော်ငြာအသစ်တွေပါဝင်တဲ့ အခမဲ့ပေးထားတဲ့ version မှာ social media account ၅ ခုနဲ့ RSS Feeds ၂ ခုကို တစ်ပြိုင်နက်တည်း အသုံးပြုနိုင်ပါတယ်။



Lana Del Rey အကြောင်း အမြဲသိချင်တာလား၊ ဒါမှမဟုတ် pink slime လား၊ ဒါမှမဟုတ် ကိုယ့်စီးပွားရေးလုပ်ငန်းရဲ့ ပြောင်းလဲမှု၊ တိုးတက်နေမှုတွေကို အမြဲမျက်ခြေမပြတ် သိချင်တာလား။ အဲဒီလိုမျိုး တိတိကျကျ အချက်တွေနဲ့ သက်ဆိုင်ရာ subject တစ်ခုအနောက်ကို အမြဲ track လုပ်ချင်တယ်ဆိုရင် **Topsy** ကို အသုံးပြုသင့်ပါတယ်။ သူက serach engine တစ်ခုဖြစ်ပြီး တစ်ကမ္ဘာလုံးမှ Status update တွေကို လိုက်လံမှတ်သားနေတာပါ။ ဒါ့အပြင် Twitter account ကိုအသုံးပြုပြီး **Follower Wonk** က တစ်ဆင့် ကြိုက်နှစ်သက်ရာ feed ၃ ခု အနောက်ကို ဘယ်သူတွေက follow လုပ်ထားတယ်၊ ဝေဖန်ထားတယ် စတဲ့ statistic တွေကို graph တွေနဲ့ သိရှိနိုင်ပါတယ်။

မျက်နှာချင်းဆိုင်စကားပြောဆိုတာတွေ လုပ်ချင်ရင် Google+ Handouts ကို Google account က တစ်ဆင့် အသုံးပြုနိုင်တယ်။ Plugin installation ဖြစ်ပြီး တစ်ချိန်တည်းမှာ video chat ကို ၁၀ ဦးအထိ တစ်ပြိုင်နက်တည်း ပြုလုပ်နိုင်ပါတယ်။ Handouts ဟာ video stream ကို ကောင်းစွာလုပ်ဆောင်ပေးနိုင်တဲ့အပြင် စကားပြောနေသူကို main screen ကို ပြောင်းကြည့်နိုင်အောင်လည်း စီစဉ်ပေးထားတယ်။ **AV by AOL** ဟာလည်း ဒီလို ယင်း app ဖြစ်ပေမယ့် တစ်ချိန်တည်းမှာ လူ ၄ ယောက်သာ အသုံးပြုနိုင်ပါတယ်။ ဒါပေမဲ့ account အသစ်ပြုလုပ်ဖို့၊ plugin install လုပ်ဖို့တွေ မလိုအပ်ပါ။ ဒီ video chat ကိုလည်း link ကတစ်ဆင့် webcam ရှိသူ ဘယ်သူမဆို share လုပ်ပြီး အသုံးပြုနိုင်ပါတယ်။ *(find.pcworld.com/72829)*

## ခရီးတိုသွားနေရသူများအတွက်

တစ်နေ့တစ်နေ့ မြို့တွင်းမှာ ပတ်သွားပြီး အလုပ်လုပ်နေရသူတွေအတွက် ကိုယ့် smartphone ကတစ်ဆင့် **Waze** ကို အသုံးပြုပြီး ခရီးသွားချိန်တွေကို လျှော့ချနိုင်ပါတယ်။ သူ့ကို iOS နဲ့ Android တို့မှာ အပြည့်အဝ အသုံးပြုနိုင်ပြီး BlackBerry မှာ beta အသုံးပြုနိုင်ပါတယ်။ အဲဒီ app မှာ GPS location ကို ပြပေးနိုင်တဲ့အပြင် ကိုယ် ဘယ်လောက် မြန်မြန်ခရီးသွားနေတာကိုပါ




**Follower Wonk**
follower အခြေအနေတွေကို twitter feed ၃ခု လောက်အထိ စစ်ဆေးနိုင်ယှဉ်ပေးနိုင်ပါတယ်

မြင်တွေ့နိုင်ပါတယ်။ ကိုယ်နဲ့ဦးတည်ချက် အတူသွားနေသူတွေကိုပါ မြင်တွေ့နိုင်တဲ့အပြင် လမ်းဘယ်လောက်ပိတ်နေတယ်၊ ယဉ်တိုက်မှု ရှိနေတယ်၊ ရဲတွေ အစစ်အဆေးရှိနေတယ်၊ လမ်းလုပ်ငန်းတွေရှိနေတယ် စတာတွေကို real-time ကြိုတင်သိရှိနိုင်ပါတယ်။

**Trapster** ဟာ iOS ၊ Android ၊ BlackBerry တွေမှာ အသုံးပြုနိုင်တဲ့ ယာဉ်မောင်းသူတွေအတွက် အမြန်နှုန်းစစ်ဆေးမှုတွေ၊ လမ်းရှင်း မရှင်းသတင်းတွေ စတာတွေကို စုစည်းတင်ပြထားတဲ့ app တစ်ခုဖြစ်ပါတယ်။ ဒါ့ပြင် Android app တစ်ခုဖြစ်တဲ့ **Scanner Radio** က တစ်ဆင့် လမ်းဆိုင်ရာသတင်းတွေကို နားထောင်ပြီး လမ်းပိတ်နေမှုတွေကို ရှောင်ရှားနိုင်ပါတယ်။

တကယ်လို့ ကိုယ်က public transit တွေဖြစ်တဲ့ bus ကားတွေ၊ ရထားတွေစီးသူဆိုပါက **NextBus** ကို အသုံးပြုနိုင်ပါတယ်။ အဲဒါကို mobile browser ကတစ်ဆင့် အလွယ်တကူအသုံးပြုနိုင်ပြီး download လုပ်ဖို့ မလိုပါ။ သူက အမေရိကန် US နဲ့ ကနေဒါနိုင်ငံအတွင်း နေရာ ၃၁ ခုက bus ကားတွေရဲ့ ရောက်ရှိချိန်၊ ထွက်ခွာချိန်တွေအပါအဝင် ကိုယ့် phone GPS ကို အသုံးပြုပြီး အနီးဆုံး bus ကား မှတ်တိုင်တွေကို ရှာဖွေနိုင်ပါတယ်။

Bus ကားစီးနေရင်း ကိုယ့်မိတ်ဆွေတွေနဲ့ စကားပြောပြီး အချိန်တွေကို ကုန်ဆုံးချင်ရင် **Imo** ကို အသုံးပြုနိုင်ပါတယ်။ Imo app ဟာ iOS ၊ Android တို့မှာ AIM ၊ Facebook Chat ၊ Google Talk ၊ MSN စတာတွေက account တွေကို sync လုပ်နိုင်ပါတယ်။ ဒါကြောင့် များပြားလှတဲ့ Instant messenger တွေနဲ့ chat လုပ်နိုင်ပါတယ်။ စာရိုက်ပြီးပြောရတာထက် စကားပြောရတာကို ပိုမိုကြိုက်နှစ်သက်ရင် **Voxer** ကို အသုံးပြုနိုင်ပါတယ်။ Voxer ကို iOS နဲ့ Android တို့မှာ ကောင်းစွာ အသုံးပြုနိုင်ပါတယ်။ Data message အပြင် အသံတွေကိုပါ ပို့ပေးနိုင်ပါတယ်။

Android နဲ့ iOS ၂ ခုစလုံးမှာ အသုံးပြုနိုင်တဲ့ ကောင်းမွန်တဲ့ တခြား app တစ်ခုက **WeatherBug** ဖြစ်ပါတယ်။ ရာသီဥတုဆိုင်ရာ ခန့်မှန်းမှုတွေကို မြင်တွေ့နိုင်ပြီး ကိုယ်ရှိတဲ့နေရာအပေါ်မူတည်ကာ သတင်း update တွေကို အမြဲရနိုင်ပါတယ်။ သတင်းတွေအတွက်ဆိုရင်တော့ Android၊ iOS ၊ Web OS တွေအတွက် **Zite** ကို အသုံးပြုနိုင်ပါတယ်။ ကိုယ်ကြိုက်နှစ်သက်ရာ သတင်းတွေကို စိတ်ကြိုက် customize လုပ်ပြီး ဖတ်ရှုနိုင်ပါတယ်။ Twitter account က update တွေကိုလည်း မြင်တွေ့နိုင်ပါတယ်။ သတင်းနဲ့ပတ်သက်တဲ့ ကောင်းမွန်တဲ့ app နောက်တစ်ခုမှာ **Pluse** ဖြစ်ပါတယ်။ iOS မှာဖြစ်ဖြစ်၊ Android မှာဖြစ်ဖြစ် ကိုယ်ကြိုက်နှစ်သက်ရာ ကဏ္ဍအလိုက် website တွေကို မှတ်ထားနိုင်ပြီး stream လုပ် ဖတ်နိုင်ပါတယ်။ **Pluse** က တစ်ဆင့် သတင်းဖတ်တဲ့အခါ ကြော်ငြာတွေကြောင့် အနှောင့်အယှက်မဖြစ်တော့ဘဲ mobile web browser




Waze က user တွေရဲ့တည်နေရာနဲ့ လမ်းကြောင်းပေါ်မှာရှိတဲ့ တခြား ပိတ်ဆို့မှုဖြစ်နိုင်တဲ့အခြေအနေတွေကို ပြသပေးထားပါတယ်။

ကြောင့် အဆင်မပြေရှိတဲ့ layout တွေကြောင့်လည်း အဆင်မပြေ မဖြစ်တော့ပါဘူး။

ကိုယ့် phone ကတစ်ဆင့် SMS တွေပို့တတ်တယ်ဆိုရင် ဒါတွေကို backup လုပ်ထားချင်မှာပါ။ Backup လုပ်ဖို့ **SMS Backup and Restore** ကို Android အတွက် အသုံးပြုနိုင်ပါတယ်။ဒါကို အသုံးပြုဖို့အတွက် root လုပ်ဖို့ မလိုအပ်ပါဘူး။

**Software Data Cable** ဆိုတဲ့ app ကို အသုံးပြုပြီး computer နဲ့ phone အကြား USB cable ကြိုး မလိုဘဲ file တွေကို အလျင်အမြန်ကူးယူနိုင်ပါတယ်။ ဒီလို ပြုလုပ်ဖို့အတွက် FTP account တစ်ခုရှိထားဖို့ လိုအပ်ပါတယ်။

ခရီးသွားလာနေတုန်း data တွေ လုံခြုံဖို့ လုံခြုံရေး app သုံးချင်ရင် **Lookout Mobile Security** ဖြစ်ပါတယ်။ iOS နဲ့ Android phone တွေအတွက် malware protection လုပ်ပေးနိုင်တဲ့ ကောင်းမွန်စိတ်ချရတဲ့ app ပါ Android user ဆိုရင် phone ပျောက်ဆုံး၊ အခိုးခံရချိန်မှာ phone အပေါ်မှာရှိတဲ့ အချက်အလက်တွေကို အဝေးကနေတစ်ဆင့် Lookout Mobile Security ကို အသုံးပြုပြီး ဖျက်နိုင်ပါတယ်။ သူက backup လည်း လုပ်နိုင်ပြီး malware scan လည်း လုပ်နိုင်ပါတယ်။ *(find.pcworld.com/72830)*

## ကျန်းမာရေးလိုက်စားသူများအတွက်

ကိုယ်ခန္ဓာအချိုးကျကျလှပဖို့နဲ့ ကိုယ်အလေးချိန်ထိန်းထားဖို့ဆိုတာ လွယ်ကူတဲ့ ကိစ္စမဟုတ်ပါဘူး။



ကျန်းမာရေးလည်း လိုက်စားပြီး iOS အသုံးပြုသူဆိုရင် The Eatery ကို အသုံးပြုသင့်ပါတယ်။ ယင်း app ဟာ ကိုယ် အစားအသောက်တစ်ခုမစားခင် ဓာတ်ပုံရိုက်၊ post လုပ်ပြီး၊ ကိုယ့်လိုပဲ **The Eatery** ကို အသုံးပြုနေသူ မိတ်ဆွေတွေနဲ့ ဒီအစားအသောက်က ကျန်းမာရေးနဲ့ ဘယ်လို ကိုက်ညီတယ်၊ မညီဆိုတဲ့မှတ်ချက်တွေ ရယူနိုင်ပါတယ်။ ဒါ့ပြင် တစ်ပတ်အတွင်း စားခဲ့တဲ့အစားအသောက်တွေအပေါ် မူတည်ပြီး ကိုယ်ဘယ်လို ကျန်းမာရေးလိုက်စားထားတာကိုပါ ဆင်ခြင်နိုင်ပါတယ်။

ဒီထက်ပိုပြီး အသေးစိတ်လိုအပ်ရင်တော့ iOS ရော၊ Android ၂ ခုစလုံးမှာ အသုံးပြုနိုင်တဲ့ **calorific** ဟာ ကိုယ်စားလိုက်တဲ့ အစားအသောက်တွေရဲ့ ကယ်လိုရီ ပမာဏကို မှတ်တမ်းတင်ထားပြီး အစိမ်းရောင်၊ အဝါရောင်၊ အနီရောင် စတဲ့ ကိုယ့်အစားအသောက်တွေက ကိုယ့်ကျန်းမာရေးကို ထိခိုက်မှု ရှိ၊ မရှိကို လွယ်လွယ် သတိပေးနေပါတယ်။

**Cardio trainer** ကို အသုံးပြုပြီးလည်း ဘယ်လို လေ့ကျင့်ခန်းတွေ လုပ်သင့်တယ်ဆိုတာကို အကြံရယူနိုင်တယ်။ ပြေးတဲ့အရှိန်နှုန်းနဲ့ ကယ်လိုရီ ဘယ်လို ကုန်ဆုံးသွားတယ်ဆိုတာကိုပါ တွက်ချက်ပေးနိုင်ပါတယ်။ ကိုယ့်ကျန်းမာရေး လိုက်စားမှု၊ အားကစားလေ့ကျင့်မှု မှတ်တမ်းကိုပါ ရယူနိုင်မှာ ဖြစ်ပါတယ်။



iOS နဲ့ Android တို့အတွက် အသုံးပြုနိုင်တဲ့ **Instant Heart Rate** ဟာ phone က LED အလင်းကို အသုံးပြုပြီး ကိုယ့်နှလုံးခုန်နှုန်းကို ရယူနိုင်ပါတယ်။ ကိုယ့်လက်ချောင်းကတစ်ဆင့် ရယူထားတဲ့ ၁၀ စက္ကန့်အတွင်း နှလုံးခုန်မှုကို phone အပေါ်မှာ အရောင်တွေ ပြောင်းလဲပြီး ပြနေမှာ ဖြစ်ပါတယ်။ *(find.pcworld.com/72831)*

## ဖျော်ဖြေရေးအတွက်

အနုပညာနဲ့ပတ်သက်လို့ ခံစားတာဖြစ်ဖြစ်၊ အသစ်ဖန်တီးတာပဲဖြစ်ဖြစ် နည်းပညာကို အသုံးပြုထားရင် စိတ်လှုပ်ရှားဖွယ်ကောင်းပါတယ်။ Amazon Instant Video၊ Hulu Plus ၊ Netflix စတာတွေက ကောင်းမွန်ပေမယ့်လည်း အခကြေးငွေပေးရတယ်။ သူတို့လောက် မကောင်းပေမယ့်လည်း **Crackle** ဟာ သုံးစွဲရတာကောင်းပါတယ်။ ထွက်သမျှရုပ်ရှင်တွေ အကုန်မရှိပေမယ့်လည်း လူကြိုက်များပြီး ပေါက်သွားတဲ့ရုပ်ရှင်တွေ အများကြီး ရှိပါတယ်။ သူ့ကို desktop computer ၊ phone ၊ tablet ၊ internet video streaming box ၊ game console တွေကတစ်ဆင့် အသုံးပြုနိုင်ပါတယ်။

ဘာကြည့်ရမလဲဆိုတာ သေသေချာချာမသိသေးရင်တော့ **Movielens** ကိုလည်း အသုံးပြုနိုင်ပါတယ်။ သူ့ကို university of Minnesota က ထုတ်လုပ်ထားပြီး ကြော်ငြာတွေ မပါဝင်တဲ့ app တစ်ခုဖြစ်တယ်။ သူ့မှာ ရုပ်ရှင်တွေနဲ့ပတ်သက်တဲ့ သတင်းတွေ၊ ဝေဖန်မှုတွေကို တွေ့နိုင်ပါတယ်။ Netflix ဟာ ကိုယ်ကြိုက်မယ့် ရုပ်ရှင်တွေကို အကြံပြုလေ့ရှိပေမယ့်လည်း သူနဲ့ ချိတ်ဆက်အလုပ်လုပ်နေတဲ့ ရုပ်ရှင်ရုံတွေ၊ ရုပ်ရှင်ကုမ္ပဏီတွေက ရုပ်ရှင်တွေသာ ဖြစ်ပါတယ်။ Movielens ကတော့ ဘယ်လိုအဖွဲ့ အစည်းအခွဲမရှိဘဲ လွတ်လပ်စွာ တင်ပြထားတာဖြစ်ပါတယ်။

အနုပညာဖန်တီးမှုတွေ ဝါသနာပါသူတွေအတွက် photo တွေကို လှုပ်ရှားနေတဲ့ .gif file တွေအနေနဲ့ ပြောင်းလဲပြီး social media တွေမှာ တင်ထားချင်ရင် Instagram နဲ့ပုံစံတူတဲ့ **Cinemagram** ကို အသုံးပြုနိုင်ပါတယ်။ ရှည်လျားတဲ့ video file project တွေပြုလုပ်ချင်ရင် **Light works** (beta version) ကို အသုံးပြုနိုင်ပါတယ်။ အဲဒီ desktop video editing software suite ဟာ open source ဖြစ်ပြီး video တွေကို import လုပ်တာ၊ edit လုပ်တာတွေကို




Crackle က နာမည်ကြီးရုပ်ရှင်တွေ ၊ TV series တွေကို computer ပေါ်မှာ connected TV မှာနဲ့ mobile ပစ္စည်းတွေပေါ်မှာ stream လုပ်ပြသပေးနိုင်ပါတယ်။




Be Frugal က ကိုယ် သွားမယ့်နေရာအတွက် ဘယ်လိုလမ်းကြောင်း ရွေးရမယ်ဆိုတာကို ပြောပေးပါလိမ့်မယ်။

ပြုလုပ်နိုင်ပါတယ်။ Download ရယူဖို့အတွက် register လုပ်ဖို့လိုပြီး သုံးစွဲရ လွယ်ကူပါတယ်။

ထောင်ပေါင်းများစွာသော podcast တွေ၊ live radio channel တွေကို iPhone ၊ Android phone တွေ က နားဆင်လိုပါက **Stitcher Radio** ကို အသုံးပြုနိုင်ပါတယ်။ သူ့ကိုအသုံးပြုပြီး မိမိကြိုက်နှစ်သက်ရာ playlist တွေလည်း ဖန်တီးနိုင်တဲ့အပြင် ကောင်းနိုးရာရာ podcast တွေကိုလည်း သူက ကိုယ့်ကို အကြံပြုမှာ ဖြစ်ပါတယ်။

အခမဲ့ရတဲ့ music player က တစ်ဆင့် နားထောင်ချင်ရင်တော့ Google music ကို အသုံးပြုနိုင်ပါတယ်။ သူက Dropbox ၊ iTunes ၊ Spotify တို့နဲ့ တွဲဖက်အသုံးပြုနိုင်တဲ့ app ပါ ကိုယ့် Google account နဲ့ ချိတ်ထားတဲ့ cloud storage ဆီမှာ သီချင်းအပုဒ်ပေါင်း နှစ်သောင်းကျော်ကို အခမဲ့ သိမ်းထားနိုင်ပါတယ်။ ဒါ့ပြင် Google ကလည်း ကိုယ်ကြိုက်နှစ်သက်နိုင်တဲ့ သီချင်းတွေကိုလည်း အကြံပေးမိတ်ဆက်မှာဖြစ်ပါတယ်။ သီချင်းတွေ ဝယ်ချင်ရင်လည်း ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ အရင်က Android Market လို့ လူသိများတဲ့ Google play ဟာ ကိုယ်သီချင်းဝယ်ပြီးရင် Google+ ကတစ်ဆင့် ကိုယ့်မိတ်ဆွေတွေကို အသိပေးအကြောင်းကြားလိုက်မှာ ဖြစ်လို့ ကိုယ့်သူငယ်ချင်းတွေလည်း အခမဲ့နားထောင်နိုင်မှာ ဖြစ်ပါတယ်။

Picnik ကို သုံးစွဲဖူးကြပါသလား။ အဲဒါက Photo တွေ editing အခမဲ့လုပ်နိုင်တဲ့ site တစ်ခုဖြစ်ပါတယ်။ Google က ရယူလိုက်ပြီးနောက် **Picozu Editor** လို့ ပြောင်းလဲလိုက်ပါတယ်။ Webbased photo editor ဖြစ်တဲ့အတွက် ကိုယ့်အနေနဲ့ photo ကို upload လုပ်ဖို့လိုအပ်ပါတယ်။ ပြီးတော့ filter တွေ၊ brush တွေ၊ tool တွေသုံးစွဲပြီး ကြိုက်နှစ်သက်သလို ပြင်ဆင်နိုင်ပါတယ်။ ဒါ့ပြင် **Pintenest** ဆိုတဲ့ site တစ်ခုရှိပြီး ကိုယ်ပြုပြင်ထားတဲ့ photo တွေကို pin လုပ်ပြီး board မှာ ကပ်ထားသကဲ့သို့ online မှာ တင်ထားပြီး ဝေဖန်မှုတွေ၊ share လုပ်တာတွေ ပြုလုပ်နိုင်ကြမှာ ဖြစ်တယ်။

နေ့အချိန်တွေ ကြယ်တွေမှာ နက္ခတ်တွေ လေ့လာဖို့က အခက်အခဲရှိပါတယ်။ ဒါကြောင့် Neave က တီထွင်ထုတ်လုပ်လိုက်တဲ့ **Planetarium** ကို အသုံးပြုနိုင်ပါတယ်။ သူက Google Chrome browser app တစ်ခု ဖြစ်ပါတယ်။ ကိုယ်တည်နေရာကို ထည့်လိုက်ပြီး ကြယ်တွေရှိရာကို သိရှိနိုင်မှာ ဖြစ်တယ်။

တစ်ခုခုကို စောင့်နေရလို့ အချိန်ဖြုန်းချင်တယ်ဆိုရင် Android phone သုံးစွဲသူတွေအတွက် **Cut and Slice** ဆိုတဲ့ puzzle game ရှိပါတယ်။ Phone ရဲ့မျက်နှာပြင်မှာ အပိုင်းတွေအများကြီးရှိနေတာကို စီစဉ်တကျရှိစေဖို့ ပြန်လည်လုပ်ပေးရမှာ ဖြစ်ပါတယ်။ Level မြင့်လာလေလေ၊ phone ကို လက်က မချနိုင်ဖြစ်လာပါလိမ့်မယ်။

ရုပ်ရှင်နဲ့တွဲဖက်နေတဲ့ game မျိုးတွေ ကစားချင်ရင် **League of Legends ၊ The Lord of the Rings Online** တို့ ရှိပါတယ်။ Multi player ကစားနိုင်ပါတယ်။ Online ကတစ်ဆင့် download ရယူပြီး စတင်ကစားရမှာပါ။ League of Legends ကစားဖို့အတွက် ရုပ်ကောင်တစ်ခုရွေးချယ်ဖို့လိုအပ်ပြီး အသင်းတစ်ခုဖွဲ့ကာ မြေပုံအတွင်း တိုက်ပွဲတွေ တိုက်ရမှာဖြစ်ပါတယ်။ The Lord of the Rings ကတော့ Sauron တပ်ဖွဲ့က တိုက်ခိုက်မှုတွေကို အနိုင်ပြန်တိုက်ရမှာဖြစ်ပါတယ်။ Game တွေဟာ level 50 အထိတော့ အခမဲ့ကစားနိုင်မှာဖြစ်ပါတယ်။ ဆက်ကစားချင်ရင်တော့ နောက်ပိုင်း extension တွေကို ငွေပေးပြီးဝယ်ယူရမှာဖြစ်ပါတယ်။ *(find.pcworld.com/72833)*



## ခရီးဝေးသွားသူများအတွက်

ခရီးသွားရတယ်ဆိုတာ ငွေကုန်ကြေးကျ များပါတယ်။ ဒါပေမဲ့ ကိုယ်ဘယ်မှာနေမယ်၊ ဘာစားမယ်ဆိုတာ စီစဉ်တဲ့ကိစ္စကတော့ ငွေကုန်ကျမှု မရှိပါဘူး။ **Be Frugal Fly or Drive Calculator** သုံးရင် ကားနဲ့သွားတာက ဘယ်လောက်ကြာမယ်၊ ဘယ်လောက်ကုန်မယ်၊ လေယာဉ်နဲ့သွားတာက ဘယ်လိုကြာမယ်၊ ဘယ်လိုကုန်မယ် စတာတွေကို နှိုင်းယှဉ် တွက်ချက်ပေးပါလိမ့်မယ်။ **JripIt** နဲ့ **WorldMate** တို့ဟာ web service တွေဖြစ်ပြီး confirmation email တွေကို သက်ဆိုင်ရာလေကြောင်းလိုင်းတွေ၊ ဟိုတယ် တွေကို ပို့ပေးတဲ့အထိ အသုံးပြုနိုင်ပါတယ်။

ကိုယ်ရောက်တဲ့နေရာမှာ Wi-Fi Hotspot ရှိ၊ မရှိ စစ်ဆေးရှာဖွေပေးနိုင်တဲ့ **Hotspotr** ဆိုတဲ့ web tool တစ်ခုကိုလည်း အသုံးပြုနိုင်ပါတယ်။ သူက အမေရိကန်နိုင်ငံအတွင်း (တချို့သောနိုင်ငံတွေရဲ့ အထင်ကရနေရာတွေ) မှာ ဘယ်လိုနေရာမှာ Wi-Fi ရတယ်ဆိုတာကို ဖော်ပြပေးနေတဲ့ web tool တစ်ခု ဖြစ်ပြီး အခမဲ့သုံးစွဲနိုင်ပါတယ်။ အစားအသောက်ကိုရှာဖွေချင်ရင် **Foursquare** ရှိပါတယ်။ သူက iOS ၊ Android ၊ BlackBerry တွေမှာ အသုံးပြုနိုင်တဲ့ app တစ်ခု ဖြစ်ပါတယ်။ မြို့တွင်းမှာ ပတ်သွားလာနေရင်း keyword ကိုအသုံးပြုပြီးလည်း စားချင်တာကို ရှာဖွေနိုင်ပါတယ်။ *(find. pcworld.com/72834)*

ကောင်းမြတ်ထွန်း

# Computer မှာ infection ရှိ မရှိ ဘယ်လိုသိမလဲ



Computer မှာ မူမမှန်တဲ့အခြေအနေဖြစ်နေတယ်ဆိုတာ အောက်မှာ ဖော်ပြထားတဲ့ အချက်တွေထဲက တစ်ခုခုဖြစ်နေတာကို ဆိုလိုတာဖြစ်ပါတယ်။ စာဖတ်သူက PCWorld စာဖတ်ပရိသတ်တစ်ယောက်ဖြစ်နေတော့ ဒါတွေကို သိထားပြီးသား ဖြစ်နေမှာပါ။ ဒါပေမဲ့လည်း ပညာရှိသတိဖြစ်ခဲဆိုသလို အလုပ်တွေများလွန်းလို့ ဘာမှ အမှတ်မထားမိဖြစ်နေမယ့်သူတွေအတွက် ပြန်နွှေးပေးတယ်လို့ပဲ သဘောထားစေချင်ပါတယ်။

- Administrator Account ဖြစ်နေရဲ့သားနဲ့ folder options ၊ command prompt registry ၊ task manager ခေါ်မရ ဖြစ်နေတာ
- Hidden file ၊ hidden system file တွေလည်း ဖော်မရ ဖြစ်နေတာ
- Folder ဖွင့်လိုက်ရင် ဘာမှ ပွင့်မလာတာ
- Memory stick ရဲ့ drive ပေါ်မှာ right နှိပ်လိုက်ရင် open က ထိပ်ဆုံးရောက်နေမယ့်အစား autoplay က ထိပ်ဆုံးမှာ နေရာယူထားတာ
- Drive တစ်ခုခု၊ ဒါမှမဟုတ် memory stick နှိပ်တိုင်း open with box တွေပဲ ပေါ်နေတာ
- Memory stick ထဲက folder တွေပေါ်မှာ right နှိပ်တိုင်း properties ကို ရွေးရင် type မှာ file folder လို့ ပေါ်ရမယ့်အစား application လို့ ပေါ်နေတာ
- My folder ကို နှိပ်လိုက်လို့ အဲ့ဒီ folder မှာ My folder ကို ထပ်ပြီးတွေ့နေရတာ
- Task manager မှာ flash ၊ fun ၊ new folder တွေ တခြားပုံမှန်မဟုတ်တဲ့ process တွေ run နေတာ
- Network မှာလည်း share လုပ်ပေးထားတဲ့ file တွေ၊ printer တွေ လှမ်းခေါ်သုံးလို့ မရတာ
- အရင်က မတွေ့မမြင်ဘူးတဲ့ error massage တွေ ပြသလာတာ
- Application တစ်ခုခုဖွင့်တိုင်း၊ ဒါမှမဟုတ် file တစ်ခုခုဖွင့်တိုင်း restart ကျသွားတာ၊ ဒါမှမဟုတ် လုံးဝဖွင့်မရတာ
- သိမ်းထားတဲ့ data တွေ ပျောက်ဆုံးပျက်ဆီးသွားတာ၊ ဒါမှ မဟုတ် အရင်နေရာမှာ မရှိတော့ဘဲ တခြားနေရာကို ရောက်ရှိနေတာ
- User အမိန့်ပေးခိုင်းစေခြင်းမရှိဘဲ စက်ကအလိုအလျောက် အလုပ်လုပ်နေတာ
- User က မထည့်သွင်းထားတဲ့ shortcut file တွေ၊ အမျိုးအမည် မသိတဲ့ file တွေ တွေ့လာရတာ
- ပြန်ဖျက်ဖို့မလွယ်တဲ့ software တွေ တွေ့ရတာ
- Windows services တွေ တိုက်ခိုက်ခံရတာ
- Driver တွေ၊ Windows file တွေ တစ်စထက်တစ်စ ယိုယွင်းပျက်ဆီးလာတာ၊ ဒါမှမဟုတ် Windows က driver တွေကို မသိတော့တာ
- Windows ကို normal Windows နဲ့ ဝင်မရဘဲ sate mode Windows နဲ့ပဲ ဝင်လို့ရတာ

စတာတွေထဲက တစ်ခုခု၊ ဒါမှမဟုတ် အတော်များများ ကိုယ့် computer မှာ ဖြစ်နေပြီဆိုရင် ကိုယ်တော့ virus ၊ ဒါမှမဟုတ် malware တစ်မျိုးမျိုး ထိနေပြီဖြစ်ပါတယ်။

ကျော်ကျော်ထူး (NCC, Network Diploma)